# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၂၃-၇-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **နိုင်ငံခြားသားခရီးသွားလာမှု ကန့်သတ်ထားသည့်ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည် များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြေညာမှုများဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို မည်သည့်အတွက်ကြောင့်**

**ရပ်ဆိုင်းထားရသည်၊ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှု မရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်တို့ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ သံနှင့် သံမဏိ ပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JISကို ကိုးကား၍ မြန်မာနိုင်ငံ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာ ကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင် ကျေးရွာ၊ ကြံတိုင်းအောင်ကျေးရွာ၊ သီဟိုဠ်မြိုင်ကျေးရွာ၊ ရွာသာယာ ကျေးရွာ(လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာ ကျေးရွာ(ဝက်လှကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေး အမည်ပေါက်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်း များအား အရေးယူရာတွင် မော်တော်သားများသာမက တာဝန်ခံမှု တာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက်လုပ်ငန်း ဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှု နည်းလမ်း၊ ဥပဒေကြောင်းများနှင့် အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည့်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်က **“စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင် ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံး အကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်”** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

## (သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က **“မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၉။ **“မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **“မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။